MOONHACK 2020

# DESIGN THINKING

## WORKSHEET

မြန်မာဘာသာ

BROUGHT TO YOU BY CODE CLUB AUSTRALIA
POWERED BY TELSTRA FOUNDATION

code club / AUSTRALIA | POWERED BY TELSTRA FOUNDATION

*Burmese Translation by*
*Mai Than Naing Oo(UTYCC)*
*&*
*Linn Latt Oo(UTYCC)*



MOONHACK 2020

# Design Thinking Challenge

သင်သည် ပတ်ဝန်းကျင်ကို ကူညီအကျိုးပြုရန် ထူးခြားတဲ့ စီးပွါးရေးလုပ်ငန်းတစ်ခု တည်ထောင်ရမည်။

ယခုကစ၍ သင်ဟာ စီးပွါးရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီ။

## INTRODUCTION

### ပြုလုပ်ရမည့်အရာ

**သင်ဟာ ကိုယ်ပိုင်စီးပွါးရေးလုပ်ငန်းတစ်ခု တည်ထောင်နေတယ်!**

### သင်ယူလေ့လာရမည့်အရာများ

- **offline ဒီဇိုင်းစဉ်းစားတွေးခေါ် နိုင်စွမ်းများ**
- **ပြောဆိုဆက်ဆံရေး ၊ ပူးပေါင်းဆောင်ရွက်ရေး နှင့် စီးပွါးရေးစီမံခန့်ခွဲရေး စွမ်းရည်များ**

### လိုအပ်မည့်အရာများ

**DOWNLOADS**

**The worksheet for this project is available at moonhack.com/projects**

**This is a great activity to run with friends, your family or as a class.**

### ဆရာ/ဆရာမများအတွက် ကိုးကားရန်

**Check out our blogpost for this project with tips, curriculum and supporting material at medium.com/@codeclubau**

# 1. INTRODUCTION

- ယနေ့ Moonhack 2020 ၏တစ်စိတ်တစ်ပိုင်းအနေနဲ့သင်ဟာ ပတ်ဝန်းကျင်ကိုကူညီအကျိုးပြုရန် ထူးခြားတဲ့စီးပွါးရေးလုပ်ငန်းတစ်ခုကို တည်ထောင်နေပါတယ်။ ယခုကစ သင်ဟာ social-entrepreneur တစ်ယောက်ဖြစ်ပြီး ၎င်းသည် စီးပွါးရေးကို social သက်ရောက်မှုများအပေါ် အကျိုးရှိရှိအသုံးချရန်အတွက် ကောင်းမွန်သောနည်းလမ်းဖြစ်သည်။ ဤလှုပ်ရှားမှုကို ပျော်စရာကောင်းအောင် ဖန်တီးထားပြီး ပါဝင်ကူညီရန်အတွက် လူနှစ်ယောက်လိုအပ်လိမ့်မည်။
- နောက်တစ်နာရီကျော်လျှင် သင်သည်သင့် customer ၏ပြဿနာကို သင်နားလည်လာပါလိမ့်မည်။ ဖြေရှင်းချက်ထုတ်ပြီး သင့်နမူနာပုံစံကို စမ်းသပ်ရမည်။ စီးပွါးရေးလုပ်ငန်းအသစ်တစ်ခု စတင်မလုပ်ခင်တွင်...
- သင်လိုအပ်မည့်အရာ

    ချရေးရန်အတွက် print ထုတ်ထားသော worksheet များ

    အချိန်မှတ်ရန်ကိရိယာတစ်ခု
- မေးခွန်းကတော့ သင့်အိမ်သူအိမ်သားများအပေါ် ပတ်ဝန်းကျင်၏သက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် ကူညီပေးမည့် ကိရိယာတစ်ခု ဖန်တီးရန်ဖြစ်သည်။ ကျွန်တော်တို့ ပြဿနာကိုဖြေရှင်းရန်အတွက် နည်းလမ်းများမစဉ်းစားခင် ကျွန်တော်တိုcustomer များနှင့် သူတို့ရင်ဆိုင်နေရတဲ့အခက်အခဲကို နားလည်အောင် အရင်ဆုံးလုပ်လိုပ်ကြရအောင်။ ဤလှုပ်ရှားမှုအတွက် သင်နှင့်အတူရှိနေသောသူများကို သင့် customer အဖြစ် သင်ဆက်ဆံရမည်။ ဆိုလိုသည်မှာ သင်ဟာ သင်နှင့်အတူရှိနေသောသူတို့အတွက် အသုံးဝင်မည့် စီးပွါးရေးလုပ်ငန်းတစ်ခု ဖန်တီးနေသည်။

# 2. EMPATHY INTERVIEW (15 MINS)

- ဒီလှုပ်ဆောင်မှုမှာ သင်ဟာအတွဲလိုက်လုပ်ဆောင်ပြီး တစ်ယောက်တစ်လှည့်စီ အင်တာဗျူးကို အလှည့်ကျ လုပ်ရမည်။
- ဒါဟာ တစ်ယောက်နဲ့တစ်ယောက် ရင်ဖွင့်တဲ့ အင်တာဗျူးဖြစ်တယ်။ရည်ရွယ်ချက်ကတော့ တခြားသူရဲ့ အတွေး၊ ခံစားချက်၊ ပြဿနာများ နှင့် လိုအပ်ချက်များကို အမှန်တကယ်နားလည်ပြီး သူတို့အတွက် ပြီးပြည့်စုံတဲ့ ထုတ်ကုန်ပစ္စည်း ဖန်တီးရာတွင် လိုအပ်သောကြောင့်ဖြစ်သည်။ ဒီညွှန်ကြားချက်အဆုံးမှာ သင့်ကိုအင်တာဗျူးအတွက် အထောက်အကူဖြစ်မည့် နမူနာမေးခွန်းတွေ တွေ့ပါလိမ့်မည်။

- Interview One

    သင်၏တွဲဖက်ကို မေးခွန်းမေးပြီး အဖြေများရယူရန် သင် ၈ မိနစ်အချိန်မည်။ သင်ကိုယ်တိုင်အချိန်မှတ်ရန် ကိရိယာတစ်ခု အသုံးပြုပါ။ အချိန်ပြည့်လျှင်သင့်တွဲဖက်က သင့်ကို မေးခွန်းပြန်မေးရန် အချိန်၈မိနစ်ရမည်။ အင်တာဗျူးမှ တွေ့ရှိချက်များကို သင့်worksheet ပေါ်တွင် ချမှတ်ထားပါ။
- သင့်အလှည့်ရောက်သည့်အခါ သင့်တွဲဖက်ကိုသူ၏ပတ်ဝန်းကျင်နှင့်ပတ်သတ်သည်များကိုမေးပြီး သူပြောတာတွေကို ချရေးထားပါ။



CodeClubAustraliaPowered By Telstra Foundation
CodeClubAustraliaPowered By Telstra Foundation

- **InterviewTwo**

  တစ်ယောက်နဲ့တစ်ယောက်အင်တာဗျူးလုပ်ပြီးသွားတဲ့အခါ သင်လုပ်ရှားမှုကိုပြန်လုပ်သင့်သည်။ ဒီတစ်ကြိမ်မှာ သင့်အနေနဲ့ နမူနာမေးခွန်းဒုတိယအစုံကို အသုံးပြုနိုင်ပြီး ပိုပြီးနက်ရှိုင်းစွာသိရအောင်ကြိုးစားလိုက်ပါ။ ယခုသင်ဟာ သူတို့ကိုအချက်ကျလက်ကျ မေးဖို့ ကြိုးစားနေတယ်။ ဒီတစ်ခါ အင်တာဗျူးဖို့အတွက် တစ်ယောက်ကို ၅မိနစ် အချိန်ရပါမယ်။

- စာရွက်ပေါ်ကနမူနာမေးခွန်းများဟာ သင့်ကိုလမ်းညွှန်ရုံသက်သက်သာဖြစ်ကြောင်းမှတ်ထားပါ။ သို့မှသာ သင့်ကိုအထောက်အကူပြုမည့် တခြားမေးခွန်းများကို မေးနိုင်မည်ဖြစ်သည်။

## 3. PROBLEM STATEMENT (5 MINS)

- ယခု ကျွန်တော်တို့ရဲ့အင်တာဗျူးမှ လေ့လာမှုတွေအားလုံးကို အကျဉ်းချုပ်ဖို့အချိန် ရောက်ပါပြီ။ ဒီအခြေအနေမှာသင်ဟာသင့် customer နဲ့သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကောင်းကောင်းနားလည်သင့်ပါပြီ။ သင့် customer တွေလိုအပ်တယ်ထင်တဲ့ အရေးအကြီးဆုံးအရာများကို worksheet ပေါ်ချရေးရန် အချိန် ၅မိနစ် ယူပါ။ ကျွန်တော်တို့ဟာ သုံးစွဲသူ၏ပြဿနာကို အာရုံစိုက်နေဆဲဖြစ်ပြီး ဖြေရှင်းနည်းကို များများစားစားမစဉ်းစားသေးကြောင်း သတိရပါ။

## 4. IDEATION (6 MINS)

- ယခု ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ customer တွေနဲ့ သူတို့လိုအပ်ချက်တွကိုနားလည်သွားပြီ။ ဒါကြောင့်ဖြေရှင်းဖို့ အချိန်ရောက်ပြီ။ သင့်အိမ်သူအိမ်သားများအပေါ် ကျရောက်နေတဲ့ ပတ်ဝန်းကျင်သက်ရောက်မှုနှင့် customer တွေရဲ့အခက်အခဲကို ဖြေရှင်းနိုင်မည့် ထူးခြားတဲ့ နည်းလမ်း ၅ခုအတွက် ၆မိနစ်အချိန်ရမည်။ ဤအရာသည် ကမ္ဘာမြေကို ဖန်တီးရန်နှင့် ကာကွယ်ရန် သင်၏အခွင့်အရေးဖြစ်သည်။

## 5. FEEDBACK (3 MINS)

- ယခု သင့်လုပ်ဖော်ကိုင်ဖက်များရဲ့ ပြဿနာကို ဖြေရှင်းရန်ကြိုးစားပြီးဖြစ်၍ဖြေရှင်းချက်ကိုပြပြီး တုံ့ပြန်မှုကိုရယူပါ။ ဤအရာသည် လုပ်ငန်းရှင်တစ်ယောက်အတွက်အရေးအကြီးဆုံးဖြစ်ပြီး ၎င်းသည် သင့်ထုတ်ကုန်ကို customer များနှင့် ကမ္ဘာကြီးအတွက် အကောင်းဆုံးဖြစ်အောင် ပြောင်းလဲနိုင်စွမ်းရှိသည်။


CodeClubAustraliaPowered By Telstra Foundation

## 6. REDEFINE THE PROBLEM STATEMENT (3 MINS)

- သင်၏ customer နှင့် စမ်းသပ်ထားသော အကြံဉာဏ်များမှ အသစ်အသစ်သောလေ့လာမှုများဖြင့် customer များ၏အခက်အခဲနှင့်ပတ်သတ်၍ မတူသောရှုထောင့်မှ နားလည်သလိုချရေးပါ။

## 7. FINAL PROTOTYPE (5 MINS)

- သင်၏လေ့သာသင်ယူမှုများ၊ စကားပြောဆိုမှုများနှင့် စမ်းသပ်ခြင်းများအားလုံးနှင်အတူ သင့်စီးပွါးရေးအတွက် နမူနာဖြစ်မည့် အတွေးအခေါ်များထဲမှတစ်ခုကို ရွေးချယ်ရန်အချိန်ဖြစ်သည်။ နမူနာပုံစံသည် သင့်ကုန်ပစ္စည်း၏ အစောဆုံးပုံစံတင်ဆက်မှုဖြစ်ပြီး အသုံးပြုသူ၏အခက်အခဲများကို အမှန်တကယ် ဖြေရှင်းနိုင်မည်လား စစ်ဆေးရန် ခွင့်ပြုသည်။
- သင်၏နောက်ဆုံးနမူနာပုံစံကိုဖန်တီးရန် ၅မိနစ်အချိန်ယူပါ။ ၎င်းတွင် ပုံဆွဲခြင်း၊ ပုံကြမ်း၊ အမြန်တင်ဆက်မှု သို့မဟုတ် အကပင်လျှင် ပါဝင်နိုင်သည်။ သင့်နမူနာပုံစံကို သင့်လုပ်ဖော်ကိုင်ဖက်များထဲ တင်ဆက်ပြီး အကယ်၍ ကမ္ဘာကိုမျှဝေလိုပါက မှတ်တမ်းတင်ထားပြီး ချပြနိုင်သည်။

ဂုဏ်ယူပါတယ်။ ယခုသင်ဟာ ဒီဇိုင်းစဉ်းစားခြင်းလေ့ကျင့်ခန်းကို ပြီးဆုံးပြီဖြစ်ပါသည်။ ကမ္ဘာတစ်ဝှမ်းလုံးရှိလုပ်ငန်းရှင်များသည် ၎င်းတို့၏ဖောက်သည်များအတွက် ပြီးပြည့်စုံသော ကုန်ပစ္စည်းဖြစ်စေရန် အသုံးပြုကြမည်။ သင်သည် သင်၏မည်သည့်အနာဂတ်အတွေးအခေါ်ကိုမဆို ဤနည်းလမ်းကို အသုံးပြုနိုင်သည်။
ကံကောင်းပါစေ။

Congratulations you’re a Moonhack changemaker!

Don’t forget to talk to an adult about registering your participation at **moonhack.com**





CodeClubAustraliaPowered By Telstra Foundation

# SAMPLE EMPATHY INTERVIEW QUESTIONS

- **Challenge question:** သင့်အိမ်သူအိမ်သားများအပေါ် ပတ်ဝန်းကျင်သက်ရောက်မှု လျော့နည်းအောင် ကူညီပေးမည့် ကိရိယာတစ်ခု ဖန်တီးပါ။
- **Note:** အောက်ပါမေးခွန်းများမှာ လမ်းညွှန်ရုံသက်သက်သာဖြစ်ကြောင်း မှတ်ထားပါ။ သင့် customer များကို သင်နားလည်လိုသည့် မည်သည့်မေးခွန်းကိုမဆို သင်မေးနိုင်သည်။ အောက်ဖော်ပြပါ စာရင်းမှ မေးခွန်းအကုန်လုံးကို မေးရန်မလိုပါ။
- **Set 1**
  1. ပတ်ဝန်းကျင်သက်ရောက်မှုဆိုတာ သင့်အတွက်ဘာကိုဆိုလိုသနည်း။
  2. ပတ်ဝန်းကျင်တွင် သင်၏အဓိကစိုးရိမ်ပူပန်မှုက ဘယ်အရာဖြစ်သနည်း။
  3. ပတ်ဝန်းကျင်သက်ရောက်မှု ဆိုးရွားတဲ့အခါ သင့်အိမ်သူအိမ်သားများ ဘာလုပ်သနည်း။
  4. ပတ်ဝန်းကျင်အပေါ် သင်၏သက်ရောက်မှု တိုးတက်အောင်ပြုလုပ်ခြင်းကို သင့်အား မည်သည့်အရာက တားဆီးနေသနည်း။
  5. ဝါကျကိုအပြီးသတ်ပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏စွန့်ပစ်ပစ္စည်းများကို ———— ဖြင့် လျှော့ချနိုင်ဖို့ မျှော်လင့်ပါတယ်။
- **Set 2**
  1. သင်အများဆုံးလျှော့ချလိုသော စွန့်ပစ်ပစ္စည်းက မည်သည့်အရာဖြစ်သနည်း။
  2. မည်ကဲ့သို့သောကိရိယာမျိုးက သင့်ကိုစွန့်ပစ်ပစ္စည်းလျှော့ချရာတွင် ကူညီနိုင်လိမ့်မည်နည်း။
  3. ယနေ့သင့်တွင်ဒေါ်လာ၁၀၀၀ရှိပါက ပတ်ဝန်းကျင်တိုးတက်ရန် မည်သို့သုံးစွဲမည်နည်း။
  4. သင့်အခက်အခဲကို ဖြေရှင်းရန် digital သို့မဟုတ် product မည်သည့်အရာကို ပိုနှစ်သက်ပါသနည်း။

# GLOSSARY

- **Entrepreneur:** A person who starts and sets up a new business.
- **Social Entrepreneur:** A person who starts a business that aims to solve social, environmental or economics problems.
- **Empathy:** The ability to understand and share the feelings of others
- **Prototype:** A prototype is an early model or drawing of your business idea, it is designed to help you test and get feedback on your business.


CodeClubAustraliaPowered By Telstra Foundation